Knowledge Transfer

# တင်အောင်စန်း

( ဧ မော် လ မြိုင် )

# အလယ်ရွာကလူ

နှင့်

## အတွေးစာစုများ



## တင်အောင်စန်း (မော်လမြိုင်)
## ထုတ်ဝေသူ မှ
## ပရိသတ် ဆီ ရေးတဲ့စာ

*

(ကို)တင်အောင်စန်း ဆိုတဲ့နာမည်က ကျွန်တော် ငယ်ငယ်လေးကတည်းက ရင်းနှီးနေခဲ့ရတဲ့ နာမည်လေးပါ။ နေ့စဉ်နေ့တိုင်းလည်း "တင်အောင်စန်း" ဆိုတဲ့ နာမည်ကို မျက်စိရှေ့မှာ တွေ့မြင်နေခဲ့ရပါတယ်။ ဆရာ(ကို)တင်အောင်စန်းနဲ့ ကျွန်တော်တို့နေထိုင်တဲ့ ရပ်ကွက်ချင်းက ကပ်လျက်ပါ။ အသက်အရွယ်ချင်းက အများကြီးကွာတော့ ကျွန်တော်တို့ အချင်းချင်းက မိတ်ဆွေ သူငယ်ချင်းတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မျက်မှန်းတန်းပြီး အတိုင်းအတာတစ်ခုထိ ရင်းနှီးခင်မင်မှုတော့ ရှိခဲ့ပါတယ်။

အဲဒီအချိန်တုန်းကတော့ ဆရာ(ကို)တင်အောင်စန်းက အနုပညာကို အမြင်တွေ၊ ရှုထောင့်တွေနဲ့ ဖန်တီးပုံဖော်နေတဲ့ ဓာတ်ပုံဆရာတစ်ဦးပါ။ ကျွန်တော်သိတဲ့ ဆရာ (ကို) တင်အောင်စန်းက ဓာတ်ပုံဆရာပါ။ နောက်ပိုင်း မော်လမြိုင် မဂ္ဂဇင်းတွေ ဖတ်ဖြစ်တော့ တင်အောင်စန်း(မော်လမြိုင်) ဆိုတဲ့ ကလောင်အမည်ကို စပြီး တွေ့မြင်ခဲ့ရပါတယ်။ အဲဒီအချိန်ထိလည်း ကျွန်တော့်အနေနဲ့ အံ့သြမှု မရှိသေးပါဘူး။

"သြော် ... ကျွန်တော်သိတဲ့ ဓာတ်ပုံဆရာက စာလည်း ရေးတယ်ပေါ့" ဒီလောက်ပါပဲ။ ဒီလိုနဲ့ပဲ ဆရာ(ကို)တင်အောင်စန်းနဲ့ ကျွန်တော်နဲ့က တစ်ခါတလေ "မိုးဆန်း" လက်ဖက်ရည်ဆိုင်မှာ တွေ့လိုက်၊ ဈေးမှာ ဆုံ

လိုက်၊ ပြန်မတွေ့လိုက်နဲ့ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရပါတယ်။ ကျွန်တော်လည်း ကိုယ့်ဘာသာ ဘဝကို နည်းမျိုးစုံ ဖြတ်သန်းရင်း ရန်ကုန်မှာ အခြေချဖြစ်ခဲ့ပါတယ်။

ဆရာ (ကို) တင်အောင်စန်းလည်း အသက်တွေကြီးပြီး ဓာတ်ပုံလုပ်ငန်းကနေ အနားယူလို့ မော်လမြိုင် စာပေနယ်မှာ လှုပ်ရှားနေခဲ့တာကို မြင်တွေ့နေခဲ့ရပါတယ်။ ဒီလိုနဲ့ မထင်မှတ်ပဲ ကျွန်တော်က မော်လမြိုင်ကို အခြေခံတဲ့၊ မော်လမြိုင်မြို့က စာရေးဆရာတွေ စာတွေရေးနိုင်မယ့် "ပလက်ဖောင်း" တစ်ခုကို ဖန်တီးဖို့အတွက် "သံလွင်ရနံ့ ရသစုံစာပေမဂ္ဂဇင်း" ထုတ်ဝေဖို့ စီစဉ်ဖြစ်ခဲ့ပါတယ်။ ဒီမှာတင် ဆရာ(ကို)တင်အောင်စန်းနဲ့ အလုပ်တွေ တွဲလုပ်ဖြစ်ခဲ့ပါတယ်။

ဆရာ(ကို)တင်အောင်စန်းနဲ့ အနေနီးတော့မှ သိလိုက်ရတာက ဆရာ့ရဲ့ အတွေးတွေက သူများနဲ့ မတူဘူးဆိုတာပါပဲ။ ဆရာရေးတဲ့စာတွေက အတွေးကို အခြေခံပါတယ်။ အကြောင်းအရာ တစ်ခုကို တွေးရင် သူများတွေ မတွေးတဲ့ ရှုထောင့်က ဆရာတွေးပါတယ်။ ဆရာက Creative Thinking သိပ်ကောင်းပါတယ်။ ဆရာ့ဆီက စိတ်ဝင်စားဖွယ် ကောင်းတဲ့ အတွေးတွေ မကြာခဏ ကြားဖြစ်ခဲ့ရပါတယ်။ အတွေးအမြင်စာအုပ်တွေ၊ မဂ္ဂဇင်းတွေမှာ ရေးရေးနေတဲ့ ဆရာ(ကို) တင်အောင်စန်းရဲ့ စာတွေကို စုစည်းပြီး စာအုပ်အဖြစ် ထုတ်လိုက်ရင် စာဖတ်သူတွေအတွက် အတိုင်းအတာတစ်ခုအထိ အကျိုးရှိမှာပဲလို့ ကျွန်တော် တွေးမိခဲ့ပါတယ်။ ဒီလိုနဲ့ပဲ ဆရာ့စာအုပ်တွေကို ထုတ်ဝေဖို့ ကြိုးစားဖြစ်ခဲ့တာပါ။

ဆရာ (ကို)တင်အောင်စန်းရဲ့ "အလယ်ရွာကလူနှင့် အတွေးစာစုများ" ဆိုတဲ့စာအုပ်လေး အတွက် အကောင်းဆုံးဖြစ်ဖို့ ကျွန်တော် ကြိုးစားခဲ့ပါတယ်။ မျက်နှာဖုံးပန်းချီအတွက် ဆရာအကြည်တော်ရဲ့ အစ်ကိုဖြစ်တဲ့ ပန်းချီကို

ဆန်းကို အကူအညီ တောင်းပြီး ရေးဆွဲခဲ့ပါတယ်။ အတွင်းဒီဇိုင်းတွေကိုတော့ ကျွန်တော့်စာအုပ်တွေကို ဒီဇိုင်းရေးဆွဲပေးတဲ့ အစ်ကိုဝင်းထွန်းက အကောင်းဆုံး ဖြစ်အောင် ဖန်တီးပေးထားခဲ့ပါတယ်။

ကျွန်တော့်ရဲ့ စာအုပ်အပြင်အဆင်က ဆရာ(ကို)တင်အောင်စန်းရဲ့ ကောင်းမွန်တဲ့၊ ရသမြောက်တဲ့ အတွေးစာစုတွေကို မီမှာ မဟုတ်ပေမဲ့ စာဖတ်သူတွေ အတွက်ကတော့ အတွေးကောင်းကောင်းနဲ့ ရေးထားတဲ့ စာစုတွေကို သပ်သပ်ရပ်ရပ် စာအုပ်အနေနဲ့ လက်ဝယ် ရရှိနိုင်စေမှာ ဖြစ်ပါကြောင်း ...။

ထာဝရချစ်ခင်ခြင်းများစွာဖြင့်

ညီမင်းအိမ်

***

# စပါးကျီလောင်တဲ့မီးနဲ့
# ဝက်ကင်သားစားချင်သူများ

*



(က)

(က)

ကမ္ဘာပေါ်မှာရှိကြတဲ့ သတ္တဝါတွေအားလုံးအနက် လူဟာ စဉ်းစားဉာဏ်ရှိတဲ့ သက်ရှိဖြစ်တယ်။ ဒါကြောင့် လူဟာ မိမိတို့ရဲ့အသက်ရှင်သန်ရေးနဲ့ မိမိ

တို့ရဲ့ အကျိုးစီးပွားအတွက် အဆိုးအကောင်းနဲ့ အကျိုးအကြောင်းတွေကို ရွေးချယ် ဆောင်ရွက်နိုင်စွမ်း ရှိကြတယ်။ အဲဒီလိုမိမိအကျိုး၊ အများအကျိုး နဲ့ လူသားအားလုံးရဲ့ အကျိုး အပ် မအပ်၊ ရာ မရာ ဆင်ခြင်စဉ်းစားရင်း လုပ်ကိုင် ဆောင်ရွက်လာကြတာမို့ လူသားကမ္ဘာကြီးဟာ ယခုလို တိုးတက် စည်ပင်လာခြင်း ဖြစ်တယ်။

ဒါပေမဲ့ လူသားကမ္ဘာကြီး အခုလို တိုးတက်စည်ပင်နေတာဟာ လူသား တွေ ပိုင်ဆိုင်ထားကြတဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ၊ ဆောင်ရွက်နိုင်စွမ်းတွေ နဲ့ နှိုင်းစာလိုက်ရင် တိုးတက် စည်ပင်သင့်သလောက် ဖြစ်ထွန်းမလာဘူးလို့ ယူဆစရာဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာကြီး တက္ကသိုလ်ဘုန်း နိုင် ပြောခဲ့ဖူးတဲ့ စကားအတိုင်း "လူဟာ အမြဲတမ်း (Rational behavior) ကျိုးကြောင်းဆီလျော်နေတဲ့ အပြုအမူတွေကိုချည်း လုပ်ကိုင်ဆောင်ရွက်နေ တာ မဟုတ်ဘဲ အကျိုးသင့် အကြောင်းသင့် မဟုတ်ပေမဲ့ စိတ်ထဲက လုပ်ချင် ရာကိုလည်း လုပ်တတ်တယ်" ဆိုတဲ့သဘောကြောင့်ပဲ ဖြစ်ပါတယ်။

ကဗျာတစ်ပုဒ်ထဲက "လူ့စိတ်ပျောက်၍၊ ဖောက်ပြန်သောခါ၊ ကြောက်စရာ တည့်၊ စိတ်မှာမယုံရဲတကား"ဆိုတဲ့ စာသားလို လူတွေဟာ လောဘ၊ ဒေါသ၊ မောဟ ဖုံးလွှမ်းသွားတဲ့အခါ လူတစ်ယောက် ထားသင့်ထားအပ်တဲ့ စိတ်ထားတွေပျောက်ကွယ်သွားပြီး မိမိအကျိုးအတွက်နဲ့ အများပျက်စီးရာ ပျက်စီးကြောင်းဒါမှမဟုတ် မိမိဆန္ဒတစ်ခုတည်း အတွက်ကြောင့် မိမိ အကျိုးယုတ်စရာနဲ့ လူသားတစ်မျိုးနွယ်လုံး ပျက်စီးရာ ပျက်စီးကြောင်းတွေ ကို မစဉ်းစားမဆင်ခြင် ပြုမူတတ်ကြတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ ရဲ့ကမ္ဘာကြီးဟာ ပိုမိုငြိမ်းချမ်းသာယာပြီး တိုးတက်စည်ပင် နေရမယ့်အစား တစ်နေရာမဟုတ် တစ်နေရာမှာ စစ်မီးတွေလောင်မြိုက်နေပြီး မီးမငြိမ်း ကမ္ဘာကြီးသာ ဖြစ်နေတော့တယ်။

လူအချို့ဟာ စိတ်ဆန္ဒတွေရဲ့ ဖိစီးမှုကြောင့် လူစိတ်ပျောက်သွားတဲ့အခါ လုပ်သင့် မလုပ်သင့် မဆင်ခြင်နိုင်တော့ဘဲ လုပ်ချင်ရာကို လုပ်ချင်သလို လုပ်လိုက်ကြတဲ့အခါ ကြွက်တစ်ကောင် ဖမ်းချင်ရုံနဲ့ စပါးကျီတစ်ခုလုံးကို မီးရှို့လိုက်မိတဲ့ အဖြစ်မျိုးတွေလို အကျိုးနည်းနည်းကို ဆုံးရှုံးမှု အမြောက်အမြားနဲ့ လဲလှယ်လိုက်ရတော့တယ်။

အဲဒီ "ကြွက်မနိုင် ကျီမီးရှို့ "ဆိုတဲ့ စကားပုံလေးဟာ မဖြစ်နိုင်ဘူး။ ဒါမှမဟုတ် ဉာဏ်ရည်နိမ့်တဲ့ ကျပ်မပြည့်သူသာ လုပ်ကောင်းလုပ်မယ်လို့ ထင်ရပေမဲ့ အတွေ့အကြုံတွေ ရလာတဲ့အခါမှာတော့ လောကမှာရှိကြတဲ့လူတွေထဲမှာ စပါးကျီကို မီးတင်ရှို့တဲ့ ကျပ်မပြည့်သူထက် ပိုမိုပြီး ရူးသွပ်နေကြတဲ့ လူတွေဟာ မြန်မာ့သမိုင်းတွင်မက ကမ္ဘာ့သမိုင်းမှာပါ အထင်အရှားရှိခဲ့ကြတာ သိလာရပါတော့တယ်။

***

(၁)

ကျွန်တော် ခပ်ငယ်ငယ် ခြောက်နှစ် ခုနစ်နှစ်သားလောက်အရွယ် ၁၉၅၄ခုနှစ် ပတ်ဝန်းကျင်လောက်မှာ ကျွန်တော်တို့ ရပ်ကွက် မီးလောင်ပါတယ်။ မီးစတင်လောင်ကျွမ်းတဲ့ နေရာဟာ ကျွန်တော်တို့ ရပ်ကွက်နဲ့ အင်မတန်ဝေးကွာလွန်းတဲ့ မန္တလေးရပ်ကွက်အနီး မီးလောင်ပြင်ကွင်းက ဖြစ်ပြီး အဲဒီကွင်းမှာရှိတဲ့ အကြော်တဲကနေ စတင်လောင်ကျွမ်းတယ်လို့ ဆိုပါတယ်။ အဲဒီနေရာက စတင်လောင်ကျွမ်းခဲ့တဲ့မီးဟာ အလှမ်းဝေးလွန်းတဲ့ အရပ်မှာရှိတဲ့ ကျွန်တော်တို့ အိမ်တွေကိုပါ လောင်ကျွမ်းသွားခဲ့တာကို အခုအချိန်မှာ ပြန်စဉ်းစားကြည့်တဲ့အခါ ဘယ်လိုမှ ဖြစ်နိုင်စရာအကြောင်း မရှိဘူးလို့ သုံးသပ်မိပြီး အံ့ဩရပါတယ်။ လူကြီး သူမတွေ ပြောစကားအရ "တောမီးလောင် တောကြောင် လက်ပန်းပေါက်ခတ်" ဆိုတဲ့စကားလို

မီးလောင်ကောက်စားသမားတွေ မီးကွင်းတွေ လိုက်ပစ်တဲ့အတွက် မလောင်သင့်တဲ့နေရာတွေပါ လိုက်လောင်ပြီး မီးဟာ ကြီးကျယ်သွားရတယ်လို့ ဆိုပါတယ်။

ကျွန်တော့်မိဘတွေက ရရာပစ္စည်းတွေကို ရေတွန်းလှည်းထဲ ထည့်ပြီး ကျွန်တော်နဲ့ အဘွားကို ပစ္စည်းတွေကြား လှည်းပေါ်တင်ကာ မီးလွတ်ရာအရပ်ဆီ တွန်းခဲ့ကြတယ်။ အစ်မသုံးယောက်နဲ့လည်း လူချင်းကွဲသွားခဲ့တယ်။ အဲဒီညမှာ ဘိုးဘွားမိဘတွေ ကိုးကွယ်ခဲ့တဲ့ ကောလှာကျောင်း (အဲဒီအချိန်က စာသင်တိုက်မဖြစ်သေးပါ) မှာ ညအိပ်ကြရပါတယ်။ ညသန်းခေါင်မှာ ကျွန်တော်တို့ အိပ်နေတဲ့ ခြင်ထောင်ကို သုံးပေလောက်ရှည်တဲ့ ဝါးချွန်တစ်ချောင်း လာစိုက်ပါတယ်။ ဒီတော့ ဦးလေးတွေနဲ့ အဖေ့သူငယ်ချင်း သုံးလေးယောက်က ငှက်ကြီးတောင်ဓားတွေ ကိုင်ဆောင်ပြီး ကျောင်းအောက်ဆီ ဆင်းလိုက်ကြပါတယ်။ အဲဒီနောက် ဘာသံမှ မကြားရတော့ပါဘူး။ လုယက်ဖို့အတွက် အင်အားကို သွေးတိုးစမ်းတာပဲ ဖြစ်မယ်ထင်ပါတယ်။ ဒီအဖြစ်တွေကို အခုပြန်စဉ်းစားကြည့်မှ ဟိုတုန်းက လောင်နေတဲ့မီးကို ဝိုင်းဝန်းငြိမ်းသတ်ရမယ့်အစား မီးအား ပိုမိုပြင်းထန်အောင် မီးကွင်းပစ်တယ်ဆိုတဲ့ စကားကို မယုံချင်ဘဲ ယုံလိုက်ရတော့တယ်။

ဗိုလ်ချုပ်ကြီးနေဝင်း (၁၉၆၂)ခုနှစ် မတ်လ(၂)ရက်နေ့ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အာဏာရနေတဲ့ကာလ မြန်မာပြည်မှာ သမဝါယမစနစ်နဲ့ သမဝါယမဆိုင်တွေ တွင်ကျယ်ပါတယ်။ ကိုယ်ထူကိုယ်ထ(နောင်မှ ကိုယ့်အားကိုယ်ကိုး ဆိုပြီး ပြောင်းလဲ သုံးနှုန်းလာတယ်) စနစ်နဲ့ ချီတက်မယ့်အစိုးရဟာ နိုင်ငံခြားက အဝတ်အထည်နဲ့ အသုံးအဆောင်ပစ္စည်းတွေကို ပြည်သူတွေအတွက် (ပြည်သူတွေအတွက်ကိုသာ) မတင်သွင်းတဲ့အခါ .. ပစ္စည်းတွေ ပြတ်လပ်နေတဲ့ ပြည်သူတွေဟာ

သမဝါယမဆိုင်တွေကိုသာ အားကိုးကြရတယ်။ ဒါပေမဲ့ ဖယောင်းတိုင်လိုချင်တဲ့အခါ အပ်ချည်လုံးပါ တွဲဖက်ဝယ်ယူရတဲ့ စနစ်ကြောင့် ပြည်သူတွေအတွက် သမဝါယမဆိုင်တွေဟာ အားကိုးလောက်စရာ မဖြစ်တဲ့အတွက် ပြည်ပက ပစ္စည်းတွေကို တရားမဝင် တင်သွင်းတဲ့ မှောင်ခိုစီးပွားရေး စနစ် ပေါ်ပေါက်လာတယ်။

သမဝါယမဆိုင်တွေဟာ ပြည်သူတွေအတွက် အားထားစရာ မဖြစ်လာပေမဲ့ ဆိုင်ဝန်ထမ်းတွေနဲ့ သမဝါယမ ကော်မတီလူကြီးတွေအတွက် ကတော့ ပဒေသာပင်ကြီး ဖြစ်နေတော့တယ်။ ဒါကြောင့် လူတွေဟာ သမဝါယမဆိုင်ဆိုပြီး မခေါ်ကြတော့ဘဲ "တမမဆိုင်" လို့ နောက်ပြောင် ခေါ်ဝေါ်လာကြတယ်။ အဲဒီဆိုင်အချို့က ဝန်ထမ်းတွေဟာ ပဒေသာပင်ကို တဖြည်းဖြည်းဆွတ်ယူစားသုံးရတာ အားမရတော့လို့ ကော်မတီလူကြီးအချို့နဲ့ ပေါင်းပြီး သမဝါယမငွေ အလုံးအရင်းကို အလွဲသုံးစား ပြုလုပ်ကြတော့တယ်။ အဲဒီမှာ ကွာနေတဲ့ ငွေစာရင်းတွေကို ဖျောက်ဖျက်ဖို့ ဆိုင်တစ်ဆိုင်လုံး မီးတင်ရှို့လိုက်ကြတယ်။ အဲဒီကာလမှာ တစ်နိုင်ငံလုံးလိုလို ဟိုမြို့နယ်၊ ဒီမြို့နယ်တွေမှာ မီးလောင်တဲ့သတင်းတွေ ကြားရတဲ့အခါ ရပ်ကွက်သမဝါယမ အသင်းဆိုင်တွေကနေ စတင်လောင်းကျွမ်းတဲ့မီးဟာ အများဆုံး ဖြစ်နေတော့တယ်။

တက္ကသိုလ်သမဂ္ဂ အဆောက်အဦကြီးဟာ ရန်ကုန်တက္ကသိုလ်ရဲ့ ဂုဏ်ထူးဆောင် အဆောက်အဦကြီး ဖြစ်ရုံသာမက မြန်မာ့နိုင်ငံရေးသမိုင်းမှာပါ နယ်ချဲ့ခံတပ်ကြီးအဖြစ် လူထုက အမွန်အမြတ်အသိအမှတ်ပြုထားတဲ့ ဗိမာန်ကြီးဖြစ်တယ်။ တက္ကသိုလ်ကျောင်းသားများသမဂ္ဂကို ၁၉၂၇ ခုနှစ်က ဖွဲ့စည်းခဲ့တယ်။ သမဂ္ဂအဆောက်အဦကြီးကို မျိုးချစ်မြန်မာသူဌေး ဦးညိုက တည်ဆောက် လှူဒါန်းခဲ့တယ်။ အဆောက်အဦကို ကျောင်းသားများရဲ့

ပညာရေး၊ လူမှုရေးနဲ့ ကျန်းမာရေး ကိစ္စတွေမှာ အသုံးပြုဖို့ ဦးတည်တဲ့ အတွက် အင်္ဂလိပ်တက္ကသိုလ် အာဏာပိုင်တွေကပင် အားပေးခဲ့ကြတယ်။

ဇူလိုင်လ (၇)ရက်နေ့မှာ အာဏာသိမ်းအစိုးရက ကျောင်းသားတွေကို ပစ်ခတ်သတ်ဖြတ်ခဲ့စဉ် မသေဘဲ ထွက်ပြေး လွတ်မြောက်သွားကြတဲ့ ကျောင်းသားခေါင်းဆောင်တွေ အဆောက်အဦ မျက်နှာကြက်မှာ တက်ရောက် ပုန်းအောင်းနေတယ် ဆိုပြီး အဲဒီ ကျောင်းသားခေါင်းဆောင်တွေကို သုတ်သင် သတ်ဖြတ်ဖို့အတွက် လွတ်လပ်ရေးတိုက်ပွဲဝင် တကသ အဆောက်အဦကြီးကို အပြီးအပြတ် မိုင်းခွဲ ဖျက်ဆီးလိုက်ကြတော့တယ်။ ဒီအဖြစ်ဟာ မတရားကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုဖြစ်တဲ့ အတွက် လူထုက တုံ့ပြန်ဒဏ်ခတ်မှာ ကြောက်ပြီး ဗိုလ်နေဝင်းနဲ့ ဗိုလ်အောင်ကြီးတို့ ပြစ်မှုကြီးကို အပြန်အလှန် ဘော်လီဘောပုတ်နေပေမဲ့ အဓိကတရားခံ ဘယ်သူ ဖြစ်တယ်ဆိုတာ စဉ်းစားရင် အဖြေပေါ်ပါမယ်။ ဒီအဖြစ်ဟာလည်း သူတို့အတွက် အကျိုးကျေးဇူး အနည်းငယ်မျှကို ဆုံးရှုံးမှု အမြောက်အမြားနဲ့ လဲလှယ်လိုက်ရတဲ့ "ကြွက်မနိုင် ကျီမီးရှို့"တဲ့ နည်းလမ်းတစ်ခုပဲ ဖြစ်နေပြန်တယ်။

***

(၈)

ပုံပြင်လေးတစ်ပုဒ် ဖတ်ဖူးတယ်။ ရှေးတုန်းက ဂန္ဓာလရာဇ်တိုင်းမှာ နေထိုင်ကြတဲ့ လူမျိုးတွေဟာ ဝက်တွေကို စားရကောင်းမှန်းမသိကြဘဲ အလှအပ တိရစ္ဆာန်အဖြစ် အိမ်အောက်မှာ ခြံကာပြီး မွေးလေ့ရှိတယ်။ ရွာတစ်ရွာမှာ ရိုးသားတဲ့ သားအဖနှစ်ယောက် ရှိတယ်။ တစ်နေ့မှာ အဖေ ဖြစ်သူက "ဟော့ကောင် လီကိုဝေး၊ ငါ ဈေးသွားမယ်။ မင်းက အိမ်မှာ ထမင်းချက်ထား။ ဝက်စာလည်း ကျွေး။ တခြားအိမ်တွေဆီ လျှောက်လည်မ

နေနဲ့"

"ဟုတ်ကဲ့အဖေ၊ စိတ်ချပါ"

သားဖြစ်သူ လီကိုဝေးဟာ အဖေကို ကတိပေးထားပေမဲ့ ထမင်းချက်၊ ဝက်စာကျွေးပြီးတာနဲ့ ရွာထဲ လျှောက်လည်နေတော့တယ်။ အဲဒီအချိန်မှာပဲ သူတို့ အိမ် မီးဖိုထဲက မီးကြွင်းမီးကျန်ကနေပြီး အိမ်ကို မီးလောင်ပါလေရော။ အိမ်နီးချင်းတွေ ဝိုင်းဝန်းပြီး မီးငြိမ်းသတ်ပေးကြလို့ တစ်အိမ်တည်း လောင်ပြီး မီးငြိမ်းသွားတယ်။ လီကိုဝေးတို့ ရဲ့ ဝက်တွေအားလုံး မီးလောင်ကုန်တယ်။ လီကိုဝေးလည်း သူ့အဖေပြန်လာရင် အရိုက်ခံရတော့မှာပဲ ဆိုပြီး မီးလောင်သွားတဲ့ ဝက်တွေအနားမှာ ထိုင်ငိုနေတယ်။ ငိုရင်းငိုရင်းက သူအချစ်ဆုံး ဝက်ဖြူကလေး မီးလောင်ပြီး ကွေးကွေးကလေး သေနေတာကို လီကိုဝေးဟာ အလွမ်းပြေ လက်ညှိုးနဲ့ တို့ကြည့်လိုက်တယ်။

"အောင်မလေး ပူလိုက်တာဗျ" ဆိုပြီး ပူလွန်းလို့ လက်ညှိုးကို ပါးစပ်နဲ့ စုပ်မိသွားတယ်။

"ဟယ်... တယ်ချိုတဲ့အရသာပါလား" လက်ညှိုးမှာ ကပ်ပါလာတဲ့ ဝက်အဆီကလေးတောင် အရသာရှိနေတာမို့ ဝက်ကလေးရဲ့အသားကို ဖဲ့စားလိုက်မိတယ်။

"အာပါး၊ ကောင်းလိုက်တဲ့အရသာ၊ ဆွေမျိုးပါ မေ့လောက်တယ်" ဆိုပြီး တွေးမိသွားတယ်။ လီကိုဝေးရဲ့အဖေ ပြန်ရောက်လာပြီး ပြာကျနေတဲ့ မီးလောင်ပြင်နဲ့ ဝက်မီးလောင်သားကို ထိုင်စားနေတဲ့ လီကိုဝေးကို တွေ့လိုက်တော့ ဒေါသဖြစ်ပြီး သားကို တုတ်နဲ့ တအားရိုက်တယ်။ လီကိုဝေးကတော့ ရိုက်သမျှ ကြိတ်ခံရင်း ဝက်သားတွေကို တစ်ဖဲ့ပြီးတစ်ဖဲ့ စားနေလေရဲ့။ လီကိုဝေးဟာ ရုတ်တရက် သူ့အဖေရဲ့လက်ကို ဆွဲပြီး မီးလောင်နေတဲ့ ဝက်ကြီးတစ်ကောင်ရဲ့ အသားကို တို့လိုက်တယ်။ အဘိုးကြီးလည်း ပူ

သွားတဲ့လက်ကို ပါးစပ်ထဲ ထည့်လိုက်မိတယ်။

အရသာ တွေ့သွားပြီး ဝက်သားတွေကို တစ်ဖဲ့ပြီးတစ်ဖဲ့စားရင်း အဘိုးကြီးက "ငါ့သား တိတ်တိတ်နေ။ ဘယ်သူ့မှ မပြောနဲ့။ တို့ သားအဖတော့ ဟန်ကျပြီ။ အိမ်ကို မြန်မြန် ပြန်ဆောက်ရအောင်" လို့ ပြောလိုက်တယ်။

လီကို ဝေးတို့သားအဖဟာ အိမ်ပြန်ဆောက်၊ ဝက်တွေ ပြန်မွေးပြီး ဝက်တွေကြီးလာတဲ့အခါ အိမ်ကို တိတ်တဆိတ် မီးရှို့လိုက်တယ်။ ပြီးတော့ ဝက်မီးလောင်သားတွေကို စားကြတယ်။ ဒီလိုနဲ့ အိမ်ဆောက်လိုက်၊ ဝက်မွေးလိုက်၊ အိမ်ကို မီးရှို့လိုက် လုပ်ဖန်များလာတော့ ရွာသားတွေ မခံမရပ်နိုင်ဖြစ်ပြီး ရှင်ဘုရင်ကို သွားတိုင်တယ်။ ရှင်ဘုရင်က ဖမ်းဆီးပြီး တရားစွဲတယ်။ သားအဖနှစ်ယောက် အာမခံနဲ့လွတ်လာပြန်တော့ အိမ်ပြန်ဆောက်၊ ဝက်မွေးပြီး အိမ်မီးရှို့ပြန်တယ်။ နောက်တစ်နေ့ အမှုချိန်းတော့ ရှင်ဘုရင်ရှေ့ ဝင်ကြတဲ့အခါ လီကိုဝေးတို့သားအဖဟာ မီးလောင်ပြီးခါစ ဝက်ကောင်လုလုကလေးကို ပန်းကန်ပြားကြီးကြီးထဲ ထည့်ယူသွားပြီး ဘုရင့်အနီးမှာ ချထားလိုက်တယ်။ ဘုရင်ဟာ မနေ့ကလည်း မီးထပ်လောင်တာကို သိရတော့ ဒေါသထွက်နေတဲ့ အချိန်မှာပဲ လီကိုဝေးရဲ့အဖေ လီပေါက်ချန်းက ဘုရင်ရဲ့လက်ကို ရုတ်တရက်ဆွဲပြီး ဝက်အသားနဲ့ ကပ်ပေးလိုက်တယ်။ ဘုရင်လည်း အံ့သြပြီး ပူသွားတဲ့လက်ကို ပါးစပ်ထဲထည့်လိုက်တော့ အရသာတွေ့သွားပြီး ဝက်အသားကို ဖဲ့စားလိုက်မိပြန်တယ်။

ရှင်ဘုရင်က သားအဖကို အခန်းထဲခေါ်ပြီး တီးတိုးမေးကြည့်ရာက အကြောင်းစုံကို သိသွားပါတယ်။ အဲဒီနေ့ညမှာတော့ နန်းတော်မီးလောင်သွားပြီး ရှင်ဘုရင်လည်း ဝက်ကင်သား တွေကို အရသာရှိရှိ အားရပါးရ စားလိုက်ရတော့တယ်။ ဒီလိုနဲ့ နန်းတော် မီးလောင်ဖန် များတဲ့အခါမှာတော့ အကြောင်းစုံကို ပညာရှိကြီး သိရှိသွားပြီး နန်းတော်ကို မီးမရှို့ဘဲ ဝက်ကင်

သားရအောင် ထင်းမီးဖိုကို စီမံပေး လိုက်ရတော့တယ်။

ဒီပုံပြင်ဟာလည်း တကယ်မဖြစ်နိုင်တဲ့ ပုံပြင်တစ်ပုဒ်လို့ ထင်ရပေမဲ့ လောကရဲ့ အဖြစ်အပျက်တွေကို လေ့လာသိရှိလာတဲ့ အခါမှာတော့ ဒီပုံပြင်ဟာ ကျွန်တော့်အဖို့ ရယ်စရာ ပုံပြင်သက်သက် မဟုတ်တော့တာ သေချာသွားပါတော့တယ်။

***

(ဃ)

ရောမ ဧကရာဇ်နီရို (အေဒီ ၃၇-၆၈)ဟာ ရောမသမိုင်းမှာ ရောမမြို့ကြီး မီးအကြီးအကျယ် လောင်နေစဉ်ခိုက်မှာ တယောထိုး မပျက်ခဲ့ဘူးဆိုပြီး မကောင်းသတင်းနဲ့ နာမည်ကျော်ကြားခဲ့သူ ဖြစ်တယ်။ အဲဒီနီရို ဘုရင်လက်ထက် မတိုင်မီကတည်းက ရောမမြို့ကြီးမှာ မီးလောင်ကျွမ်းမှုတွေ မကြာခဏ ဖြစ်ပွားလေ့ရှိတဲ့ အတွက်ကြောင့် မီးသတ်သမားတွေကို အမြောက်အမြား ခန့်ထားရတယ်။ ဘာကြောင့် ခဏခဏ မီးလောင်သလဲ ဆိုတော့ တိုက်ခန်းငှားစားကြသူတွေဟာ ဝင်ငွေပိုရစေဖို့အတွက် ယင်းတို့လက်ရှိပိုင်ဆိုင်ထားကြတဲ့ အဆောက်အဦတွေကို ပိုပြီးသေးငယ်တဲ့ အခန်းများများ ပြန်လည်ဆောက်လုပ်နိုင်အောင် မီးရှို့ပစ်ကြတယ်လို့ ဆိုပါတယ်။

ဧကရာဇ် နီရိုလက်ထက် (အေဒီ၆၄)ခု ဇူလိုင်လ (၁၈/၁၉) ညက နေ(၂၃)ရက်နေ့ အထိ ရောမမြို့ကြီးကို လောင်ကျွမ်းခဲ့တဲ့ မီးကတော့ မဟာမီးလောင်မှုကြီးပဲ ဖြစ်ပါတယ်။ ရောမ မီးလောင်နေစဉ်မှာ နီရိုဟာ အန်တီယမ် (Antiun) မြို့မှာရှိတဲ့ ကိုယ်ပိုင်ဇာတ်ရုံရဲ့ ဇာတ်စင်ပေါ်မှာ "ထရိုင်ကျဆုံးခြင်း" ဆိုတဲ့သီချင်းကို (လူအများက တယောလို့ ယူဆထားတဲ့) စစ်ထက (cithaca) တူရိယာနဲ့ တီးခတ်ပြီး သီဆိုနေတယ်။

နီရိုဟာ မြို့တော်ဆီ ပြန်ရောက်လာပေမဲ့ မီးငြိမ်းသတ်ရေးအတွက်

ကြီးကြပ်ဖို့ ပျက်ကွက်ခဲ့တယ်။ ဒါကြောင့် ရောမသားတချို့က ဒီမီးကြီး လောင်ကျွမ်းမှုဟာ နီရိုရဲ့ လက်ချက်ဖြစ်တယ်လို့ ယုံကြည်ကြတယ်။ သမိုင်း ဆရာတွေကလည်း မီးလောင်မှုကို နီရိုအပေါ်ပဲ ကောက်ချက်တွေချပြီး အပြစ်ပုံချကြတယ်။ အကြောင်းကတော့ နီရိုဟာ မီးမလောင်မီက ရောမမြို့ ကြီးကို သူ့အလိုကျ ပြန်လည်ပြုပြင် တည်ဆောက်ဖို့ ကြိုးစားခဲ့ပေမဲ့ ရောမ ဆီးနိတ်က အပြင်းအထန် ဆန့်ကျင်ခဲ့တဲ့အတွက် မဟာမီးကြီး လောင်ကျွမ်း ပြီးမှသာ နီရိုစိတ်ကြိုက် အဆောက်အဦတွေ ဆောက်နိုင်ခဲ့လို့ပဲ ဖြစ်တယ်။

မီးလောင်သွားတဲ့နေရာမှာ ဒိုမပ်အော်ရီယာ (Domus Aurea) (ရွှေအိမ်) လို့ ခေါ်တဲ့ အင်မတန်ကြီးကျယ် ခမ်းနားပြီး ပန်းဥယျာဉ်တွေနဲ. ခြံရံထားတဲ့ အဆောက်အဦကြီးကို စိတ်တိုင်းကျ တည်ဆောက်နိုင်ခဲ့တယ်။ ဒါကြောင့် ရောမမြို့ကြီးဟာ နီရိုရဲ့ပယောဂကြောင့် မီးလောင်ခဲ့ရတယ် ဆိုတာ အကြောင်းအချက် ခိုင်လုံသွားပါတော့တယ်။

အဒေ့ါဟစ်တလာ (Adolf Hitler-1889-)ဟာ (၁၉၂၅)ခု ဧပြီလ ဂျာမနီနိုင်ငံ ရွေးကောက်ပွဲမှာ ဝင်ရောက် အရွေးခံတဲ့အခါ ဘာလင်က ရိုက်ချ်စတက် လွှတ်တော်မှာ ... နာဇီပါတီက (၃)နေရာသာ အနိုင်ရရှိခဲ့ပေမဲ့ (၁၉၃၀)ခုနှစ် စက်တင်ဘာ (၁၄)ရက်နေ့ ရွေးကောက်ပွဲမှာတော့ (၁၀၇)နေရာ အနိုင်ရရှိခဲ့ တယ်။ လူထု(၆)သန်းခွဲရဲ့ မဲနဲ့ လွှတ်တော်မှာ အကြီးဆုံး ပါတီကြီးတစ်ခု ဖြစ်လာတာမို့(၁၉၃၃)ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်နေ့မှာ ရိုက်ချ်ချန်စလာရီ (Reich Chancellery)လို့ ခေါ်တဲ့ ဂျာမနီရဲ့အကြီးအကဲ ဖြစ်လာခဲ့တယ်။ ဒီ အောင်မြင်မှုဟာ သူ တကယ်လိုချင်တဲ့ တစ်ဦးတည်းပိုင် အာဏာမဟုတ် သေးတဲ့ အတွက် ညွှန့်ပေါင်းအစိုးရဖွဲ့ပြီး လိုက်လျောညီထွေနေရင်း အချိန်ကောင်းကို စောင့်နေခဲ့တယ်။

ဟစ်တလာ ချန်စလာအကြီးအကဲ ဖြစ်ပြီးတစ်လအကြာ (၂၇) ရက်

ဖေဖော်ဝါရီလမှာ ရိုက်ချီစတက် လွှတ်တော်ကြီး မီးလောင် ပြာကျခဲ့တော့တယ်။ ဒီအခြေအနေကို အမိအရဆုပ်ကိုင်ပြီး တိုင်းပြည်မှာ အင်အားအကြီးဆုံးဖြစ်နေတဲ့ ကွန်မြူနစ်ပါတီအပေါ် အဲဒီမီးရှို့လုပ်ကြံမှုကြီးရဲ့ အပြစ်ကို ပုံချပြီး လက်ရှိညွန့်ပေါင်း အစိုးရကို တစ်နိုင်ငံလုံးဆန္ဒပြ ကန့်ကွက်ပြီး ဖျက်သိမ်းခဲ့တယ်။

ရိုက်ချ်စတက်လွှတ်တော် မီးလောင်မှုဟာ ဟစ်တလာရဲ့ ပယောဂ ကင်းမကင်း (မပြောရဲလို့ပဲ ဖြစ်ဖြစ်) တပ်အပ်သေချာ မပြောနိုင်ပေမဲ့ ဒီမီးလောင်မှုကြီးကြောင့် ဟစ်တလာဟာ မိမိအလိုချင်ဆုံး ဖြစ်တဲ့ တစ်ဦးတည်းပိုင်အာဏာကို မြိုးမြိုးမြက်မြက် ပိုင်ဆိုင်လိုက်ရတာကတော့ နန်းတော်ကြီးမီးလောင်လို့ ဝက်ကင်သား စားလိုက်ရတဲ့ ဂန္ဓာလရာဇ်တိုင်းကရှင်ဘုရင်လို အဆီမိသွားတာကတော့ အသေအချာပဲ ဖြစ်ပါတော့တယ်။

***

(c)

လွန်ခဲ့တဲ့ကာလတွေနဲ့ ဒီကာလတွေမှာ မြန်မာပြည်အနှံ့အပြား လူမျိုးရေးနဲ့ ဘာသာရေး ပဋိပက္ခတွေကြောင့် ဆူပူမှုတွေဖြစ်ပေါ်ခဲ့တာမှာ လူနေအိမ်တွေနဲ့ ဘာသာရေး အဆောက်အဦတွေကို ဖြိုဖျက်မီးရှို့ခဲ့ကြတယ်။ ဒီအဖြစ်တွေဟာလည်း ဝက်ကင်သားစားချင်ရှာကြလို့ ကြံစည် လုပ်ဆောင်ကြတဲ့ ကျပ်မပြည့်သူ လူတစ်စုရဲ့ ညဏ်နီညဏ်နက်တွေ အဖြစ် ကျွန်တော်တို့တွေ မသိချင်အဆုံး တွေ့မြင် ကြားသိနေရတော့တယ်။

ဒီကြားထဲမှာ ရောမမြို့ကြီးလို မြန်မာတစ်ပြည်လုံးရဲ့ မြို့တွေမှာ ဘယ်သူတွေ ရှို့မှန်းမသိတဲ့ မီးလောင်မှုတွေဟာ ဈေးကြီးတွေ၊ ဈေးကြီးတွေ ဖြစ်နေပြီး ငွေသိန်းပေါင်း မြောက်မြားစွာ ဆုံးရှုံးခဲ့ကြရတယ်။ လောင်ကျွမ်းသွားတဲ့ ဈေးတွေအစား ပြန်လည် တည်ဆောက်ရတဲ့ ကုန်ကျစရိတ်တွေ ဟာလည်း

သန်းပေါင်းများစွာ ဆိုတော့ ဆောက်လုပ်ခွင့်ရလိုက်တဲ့ ကန်ထရိုက်ခများ တစ်သက်စာ ဖူလုံသွားပါရောလား။ အဲဒီကန်ထရိုက်တွေရဲ့ ကျေးဇူးရှင်တွေ အတွက် ကန်တော့ပွဲမှာ ထည့်ထားတဲ့ တန်ဖိုးကိုက ဆယ်သက်စား မကုန် နိုင်တာမို့ နန်းတော်မီးလောင်လို့ စားရတဲ့ ဝက်ကင်သားထက် မြိုးမြက်မှာ ကတော့ အသေအချာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ မြန်မာပြည်ကြီး မီးခဏခဏ အလောင်မခံရလေ အောင် မီးဖိုကောင်းကောင်း တီထွင်တတ်တဲ့ ပညာရှိကိုတော့ ကျွန်တော်တို့ အားကိုးရမှာဖြစ်ပါတယ်။ ဒီကြားထဲ အမြီးကျက်အမြီးစား၊ ခေါင်းကျက် ခေါင်းစားတွေရဲ့ ဝက်ကင်ဖို့ ပျိုးတဲ့ တို့မီးရှို့မီးတွေမှာ ကျွန်တော်တို့ ကိုယ်တိုင် မီးဝင်မမှုတ်၊ ဓာတ်ဆီ ဝင်မလောင်းမိဖို့လည်း အရေးကြီးလှပါ တော့တယ်။

စာကိုး

၁။ စောစံဖိုးသင်ပြောသော ပုံပြင်များ (စောစံဖိုးသင်)

၂။ ရောမမီးလောင်စဉ် တယောထိုးခြင်း။(ဗျူဟာမင်ဂြဲ)။

အတွဲ(၅)၊အမှတ်(၂၄)၊ (၂၆)ဇွန်၊၂၀၁၆

။ ။ (၂၅)၊ (၃) ဇူလိုင်၊၂၀၁၆၊ သံလွင်တိုင်းဂျာနယ်။

၃။ သမိုင်းကမပြောသော ဟစ်တလာအကြောင်း။ (အင်ဒရူးစိုး)၊

သူရိယနေဝန်းဂျာနယ်။

အမှတ်(၃၀)၊ (၇) ဩဂုတ်၊၂၀၁၆၊

သံလွင်တိုင်းဂျာနယ်။

***